အထက်ဌက်ပျောချောင်းကျေးရွာ

အထက်ဌက်ပျောချောင်းကျေးရွာအုပ်စု၊ မင်းပြားမြို့နယ်

ရခိုင်ပြည်နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ အထက်ဌက်ပျောချောင်းကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မင်းပြားမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

ဧပြီလ၊ ၂၀၂၀

မာတိကာ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ္ဍာနှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးနှင့်ရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) - ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) - ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

၁။ တည်နေရာနှင့် ပထဝီအနေအထား

အထက်ဌက်ပျောချောင်းကျေးရွာသည် ရခိုင်ပြည်နယ်၊ မြောက်ဦးခရိုင်၊ မင်းပြားမြို့နယ် အထက်ဌက်ပျောချောင်းကျေးရွာအုပ်စု၊ မင်းပြားမြို့နယ်၏အရှေ့တောင်ဘက်၊ (၁၁) မိုင်ခန့် ကွာဝေးပြီး မင်းပြားမြို့သို့ ကားလမ်းဖြင့် အလွယ်တကူ သွားလာနိုင်ပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

မင်းပြားမြို့နယ်သည် ယေဘုယျအားဖြင့် မိုးများသောဒေသဖြစ်ပြီး မေလမှ အောက်တိုဘာလထိ ပူအိုက်စွတ်စိုကာ အနောက်မြောက်လေ ဝင်ရောက်သည့် ဒီဇင်ဘာလမှ မတ်လအထိ အေးမြခြောက်သွေ့သော ရာသီဥတုရှိပါသည်။ သို့သော် တစ်ခါတစ်ရံ မိုးများရွာသွန်းမှုများပြားပြီး လေပြင်းမုန်တိုင်းလည်းကျရောက် တတ်ပါသည်။

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် လူမှုရေးအသင်းအဖွဲ့များရှိပြီး သက်ဆိုင်ရာလုပ်ငန်းများအလိုက် တက်ကြွစွာဆောင်ရွက်လျှက်ရှိကြပါသည်။ ထို့အပြင် ကျေးရွာ ပြင်ပမှ နိုင်ငံတကာအဖွဲ့အစည်းများလည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်လျှက်ရှိပါသည်။

ကျေးရွာအတွင်းရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းများအကြား ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့်သက်ဆိုင်သည့် ချိတ်ဆက်ဆောင်ရွက်မှုသည် အသင့်အတင့်ကောင်းမွန်ကြသည်ဟုဆိုနိုင်ပါသည်။ ကျေးရွာအတွင်း စည်းလုံးညီညွတ်မှု ရပ်မိ/ဖများ၏ သြဇာသက်ရောက်မှုများသောကြောင့် အဖွဲ့လိုက် ဆောင်ရွက်မှုများတွင် အောင်မြင်ထိရောက်မှုအသင့်အတင့် ရရှိထားကြသည်။ ထို့အပြင် ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုနှင့် ပတ်သက်သော အသိအမြင်ဗဟုသုတများ

ဥပမာအားဖြင့် အဖွဲ့အစည်းများဆိုင်ရာ သဘောတရားများတွင် လိုအပ်ချက်များ ရှိနေသေးခြင်းကို မြင်တွေ့ရသည်။ ခေါင်းဆောင်မှုသဘောတရားများ၊ ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုအတွက် ငွေစာရင်းသင်တန်းများ ရရှိနိုင်ပါက ကျေးရွာအတွက် အထောက်အပံ့ပိုမိုဖြစ်ပွားစေနိုင်သည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီနှံ စိုက်ပျိုးရေး

လယ်သမားအများစုသည် အဓိကအားဖြင့် မိုးစပါး၊ မုံညင်းတို့ကို စိုက်ပျိုးကြသည်။ တောင်သူလယ်သမားများမှာလည်း သင့်တော်သော မြေနေရာအထူးသဖြင့် ကွမ်းခင်းများကို စီးပွားဖြစ်စိုက်ပျိုးကြသည်။ စိုက်ပျိုး စရိတ်ချေးငွေများကိုလည်း သတ်မှတ်ချက်နှင့် ကိုက်ညီသည့် လယ်သမားများချေးယူရရှိနိုင်ပြီး ထုတ်ကုန်များတို့လည်း ရောင်းချရန်စျေးကွက်များလည်းရှိသည်။ အဟန့်အထားများမှာ ရေသွင်းစိုက်ပျိုးရန် စိုက်ပျိုးရေအလုံအလောက် မရရှိနိုင်ခြင်း၊ စိုက်ပျိုးမြေတိုးချဲ့ရနိုင်ခြေနည်းပါးခြင်း၊ အလုပ်သမားစရိတ်ကြီးမားခြင်း၊ ဖျက်ပိုးကျရောက်တက်ခြင်း၊ စိုက်ပျိုးနည်းပညာအလုံအလောက်မရနိုင်ခြင်း၊ ငွေကြေး အရင်းအနှီးအလွယ်တကူမရနိုင်ခြင်း၊ စက်ကိရိယာများကိုလည်း တွင်ကျယ်စွာအသုံးမပြုနိုင်ခြင်းကိုလည်း တွေ့မြင်ရပါသည်။ သို့သော် စိုက်ပျိုးရေးတွင် စိုက်ပျိုးရေရရှိရေးသည် အဓိကအနေအထားတွင် ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်လာမှုနှင့် တိုက်ရိုက်ဆက်စပ်နေသည်။

၃။ **မွေးမြူရေး**

အဓိကမွေးမြူသည့် မွေးမြူရေးတိရစ္ဆာန်များမှာ နွား၊ ဝက်၊ ကြက်၊ စသည်တို့ ဖြစ်ကြသည်။ ကျေးရွာတွင် တစ်ပိုင်တစ်နိုင် ကြက်မွေးမြူရေးလုပ်ကိုင်နေသူများကိုလည်း တွေ့ရပါသည်။ ကြက်နှင့်ဝက်မွေးမြူရေး ပိုမိုဖွံ့ဖြိုးလာစေရန် မွေးကုဋီစီးဌာနမှနည်းပညာနှင့်

ဝန်ဆောင်မှုများဖြင့် အရှိန်မြှင့်ပေးကူညီပေးသင့်ပါသည်။ မွေးမြူရေးသမားများအနေဖြင့် မွေးမြူရေးနည်းပညာနှင့် နည်းပညာဝန်ဆောင်မှုလိုအပ်ချက် များရှိကြသည်။

၄။ ငါးလုပ်ငန်း

အထက်ဌက်ပျောချောင်းကျေးရွာသည် မြစ်ကမ်းဘေးတွင် တွင်တည်ရှိသော ကြောင့်အချို့သောအိမ်ထောင်စုများမှာငါးဖမ်းခြင်းကိုလည်းတစ်နိုင်တပိုင်လုပ်ကိုင်ကြပါသည်။ မြို့နယ်သမဝါယမအသင်းမှ ချေးငွေအချို့ကိုလည်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သော အိမ်ထောင်စုများ ရယူချေးငှားပြီး အရင်းအနှီး ပြုကြသည်။ ရေရှည်တည်တံ့သော အသက်မွေး ဝမ်းကျောင်းပြုနိုင်ကြရန်အတွက် ငါးဖမ်းခြင်းနှင့် ပတ်သက်သော နည်းပညာ အသိအမြင်များကို ထိုအိမ်ထောင်စုများအား ပို့ချပေးသင့်သည်။

၅။ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

အခြားဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ရာတွင် လုပ်သားအင်အားမရရှိနိုင်မှု၊ ဈေးကွက်သို့ လက်လှမ်းမှီမှုအားနည်းခြင်း စသောအဆင်မပြေမှုကြုံတွေ့ရတတ်ပါသည်။ ထို့ပြင် နည်းပညာ ဆိုင်ရာအထိအတွေ့အားနည်းခြင်း အရင်းအနှီးငွေများအားနည်းခြင်း၊ ချေးငွေရယူနိုင်သည့် အခွင့်အလမ်းများအားနည်းခြင်း စသည်တို့ကိုလည်းတွေ့မြင်ရသည်။ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်း များတိုးတက်ဖြစ်ထွန်းမှုအားနည်းနေဆဲဖြစ်သည်။

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာတွင်ကျေးရွာသားများအားလုံးသည် မြေသားရေကန်မှရေကိုအဓိကထားသုံးစွဲကြသည်။

ကျေးရွာအိမ်ခြေအများစုမှဆိုလာမီးကိုအဓိကထားသုံးစွဲကြရပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ကျေးလက်နေပြည်သူများအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးခြင်းနှင့် သမဝါယမ ဦးစီးဌာနမှ သမဝါယမအသင်းအဖွဲ့များသို့ ချေးငွေထုတ်ချေးခြင်းတို့သည် အဓိကချေးငွေရရှိရာလမ်းကြောင်းများဖြစ်သည်။ ကျေးလက်ဒေသတွင် ချေးငွေလိုအပ်မှုအနေအထားမှာ ယေဘုယျအားဖြင့် အတော်အသင့်မြင့်မားသည့် အနေအထားတွင် ရှိနေဆဲဖြစ်ပြီး ဘဏ်များအနေဖြင့်လည်း ကျေးရွာအရောက် ဝန်ဆောင်ပေးမှုများမရှိသလောက် အားနည်းနေဆဲ ဖြစ်ကြောင်းကိုဖော်ပြလိုခြင်း ဖြစ်သည်။

(c) ပညာရေး

ကျောင်းနေအရွယ်ကလေးအများစုမှာ ကျောင်းပညာရေးဝန်ဆောင်မှုများကို လက်လှမ်းမှီကြသည်။ ကလေးသူငယ်များ၏ ကျောင်းနေရန်အတွက် အခက်အခဲပြဿနာများမှာ ကျောင်းသားမိဘများ ဆင်းရဲနွမ်းပါးသဖြင့် ကလေးငယ်များ၏ ပညာရေးမှာစိတ်ပါဝင်စားမှု အားနည်းခြင်း၊ ကျေးရွာစာသင်ကျောင်းတွင် ခန့်အပ်ထားသော ဆရာ/မ များအတွက် နေထိုင်ရန် အိမ်အဆောက်အဦးများ မလုံလောက်ခြင်းစသည်တို့ဖြစ်သည်။

(စ) ကျန်းမာရေး

ကျေးရွာအနီးပတ်ဝန်းကျင်ရှိငပြီအင်းကျေးရွာတွင်ဆေးပေးခန်းရှိသော်လည်းကျန်းမာရေးဝန်ထမ်းနည်းပါးပါသည်။ လိုင်မှတစ်ဆင့်ကူးစက်နိုင်သော ရောဂါများမရှိပါ။ တစ်ခြားသောရောဂါများဖြစ်တတ်သော်လည်း နည်းပါးပါသည်။ ကျေးရွာသူ/သားများအား ကျန်းမာရေးဆိုင်ရာဗဟုသုတများတိုးပွားလာအောင် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

သောက်သုံးရေရရှိမှုနှင့်ပတ်သတ်၍ ကျေးရွာ၏သုံးရေမှာ နွေ၊ မိုး၊ ဆောင်း ရာသီမရွေး ရရှိနိုင်သော်လည်း ရေတွင်းရေကန်းနည်းပါးသောကြောင့် သောက်ရေလုံလောက်မှု မရှိပါ။

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာမှလယ်မြေများသည် နှစ်စဉ်စပါးစိုက်ပျိုးခြင်း၊ သီးထပ်စိုက်ပျိုးခြင်း၊ ဓါတုဗေဒ ကွန်ပေါင်း မြေသြဇာများအသုံးပြုခြင်း၊ သဘာဝသစ်ဆွေးမြေသြဇာများ နှစ်စဉ်မထည့်သွင်နိုင်ခြင်း တို့ကြောင့်မြေဆီလွှာပျက်ယွင်းမှုများနှင့်ကြုံတွေ့နေရသည်။ ဆောင်းသီးနှံ မုံညင်းစိုက်ပျိုးရာတွင် ပိုးသတ်ဆေးများအသုံးပြုရသောကြောင့် သဘာဝ ပါတ်ဝန်းကျင်ကို ထိခိုက်မှု ရှိပါသည်။ ပိုးသတ်ဆေး များအသုံးပြုရာတွင် ဓါတ်ကြွင်းအန္တရာယ်လျော့ပါး ရေးအတွက်၊ ဘေးကင်း လုံခြုံမှုရှိရန် လမ်းညွှန် ချက်များကို လိုက်နာဆောင်ရွက်ခြင်းတွင်အားနည်း သေးကြောင်း တွေ့ရှိရပါသည်။ ကျေးရွာသည် မြစ်ကမ်းနံဘေးတွင်တည်ရှိသောကြောင့် ရေကြီးရေလျှံမှုများ နှစ်စဉ်လိုလိုကြုံတွေ့ရပြီး စပါးခင်းများ ရေနှစ်မြှုပ်ခံရသောကြောင့် အချို့တောင်သူများ၏ စပါးခင်းများရေနစ် ပျက်စီး၍ နောက်တကြိမ် ပြန်လည်စိုက်ပျိုးရခြင်းများကြုံတွေ့ကြရသည်။

(ဇ) ကျား – မ ရေးရာ

မင်းပြားမြို့နယ်၊ အထက်ဌက်ပျောချောင်းကျေးရွာတွင်လည်း မိဘများသည် သား/သမီးများကို ပညာ သင်ကြားမှုအပိုင်းတွင် ကျားဖြစ်ခြင်း၊ မ ဖြစ်ခြင်းအပေါ်တွင် ခွဲခြားသတ်မှတ်ခြင်းမရှိတော့ဘဲ တန်းတူ ပညာသင်ကြားခွင့်ရှိကြပါသည်။ မိသားစု စားဝတ်နေရေး အခြေအနေအလိုက်သာ ပညာသင်ကြားခွင့်ကို သက်ရောက်မှုရှိစေနိုင်ပါသည်။ လူမှုအဖွဲ့အစည်းအတွင်း အိမ်တွင်း အကြမ်းဖက်မှုနှင့် ကျား/မ ခွဲခြားဆက်ဆံမှုတို့မှာ အများအားဖြင့်နည်းပါးပါသည်။ ကျေးရွာဖွံ့ ဖြိုးရေးလုပ်ငန်းနှင့် ကျေးရွာသာရေး/နာရေး ကိစ္စရပ်များတွင် အမျိုးသမီးများ တက်တက် ကြွကြွပါဝင်ဆောင်ရွက်သော်လည်း အိမ်မှုကိစ္စများကို ဦးစားပေးဆောင်ရွက်မှုများကြသဖြင့် ကျေးရွာအုပ်ချုပ်ရေးအပိုင်းတွင်မူ အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှုအားနည်းသည်ကို လေ့လာတွေ့ရှိရပါသည်။ ကျေးရွာအုပ်ချုပ် ရေးအပိုင်းတွင် အမျိုးသမီးပူးပေါင်းပါဝင်မှု အားနည်းရခြင်းမှာ မြန်မာ့ဓလေ့ထုံးတမ်းတွင် အမျိုးသားများမှ မိသားစုဝင်ငွေရှာဖွေရေး များကို

အဓိကလုပ်ဆောင်ကြပြီး အမျိုးသမီးများမှာ အိမ်မှုကိစ္စအများစုကို လုပ်ဆောင်ရသည့် အလေ့အထလွှမ်းမိုးနေသောကြောင့်ဟုယူဆရပါသည်။

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေးအဆင့်
၁	အခြေခံအဆောက်အဦး	ရွာတွင်းလမ်းကွန်ကရစ်လမ်းခင်းခြင်း	၁
၂	အခြေခံအဆောက်အဦး	ရေကန်အနှိုက်နှိုက်ခြင်းနှင့်ရေကန်ခြံစည်းရိုးကာရံခြင်း	၂
၃	အခြေခံအဆောက်အဦး	ဆိပ်ကမ်းဖောင်တော်တည်ဆောက်ခြင်း	၃
၄	အခြေခံအဆောက်အဦး	အိမ်သာဆောက်လုပ်ခြင်း	၄

နောက်ဆက်တွဲ (၁)

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား(အထက်ဌက်ပျောချောင်းကျေးရွာ၊ မင်းပြားမြို့နယ်)

ပြဿနာ/အခက်အခဲ	ဖြစ်ရသည့်အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတား များ	ဖြေရှင်းနိုင်သည့် နည်းလမ်းများ	လုပ်ငန်း/စီမံချက်
၁။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်					
▪ အဖွဲ့အစည်းအတွင်း စုပေါင်းစီမံဆုံးဖြတ်နိုင်စွမ်းအားနည်းခြင်း၊	▪ အစဉ်အလာခေါင်းဆောင်မှုပုံစံနှင့် နေသားတကျ ဖြစ်နေခြင်း၊	▪ ကျေးရွာတွင်းအဖွဲ့အစည်းအချို့ဖွဲ့စည်းပြီးဖြစ်ခြင်း၊ ▪ ရပ်မိရပ်ဖများ သြဇာသက်ရောက်မှုရှိခြင်း၊	▪ နွမ်းပါးသူများ သိမ်ငယ်စိတ်များ ပြီး မိမိကိုယ်ကို ယုံကြည်မှု အားနည်းခြင်း၊ ▪ မြို့နယ်တွင်း အဖွဲ့အစည်းဆိုင်ရာသ ဘောတရားရေးရာ ပို့ချပေးသည့် အဖွဲ့မရှိသေးခြင်း၊	▪ ရပ်မိရပ်ဖများမှ ကျေးရွာရှိ အဖွဲ့အစည်းများအကြားလို အပ်သလို ညှိနှိုင်း ချိတ်ဆက်ပေးခြင်း၊ ▪ အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းပေးသူများနှင့် ကျေးရွာအဖွဲ့အစည်းများ ချိတ်ဆက်ဆောင်ရွက်ခြင်း၊	▪ အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ရရှိအောင်ဆောင်ရွက်၍ အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှု စနစ်ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်း
၂။ စိုက်ပျိုးရေး					
▪ စိုက်ပျိုးရေးလုပ်ငန်းများမှ အကျိုးအမြတ်ရရှိမှု လျော့နည်းခြင်း	▪ အလုပ်သမားရှာရခက်ခြင်းနှင့်စရိတ်ကြီးမြင့်ခြင်း၊ ▪ သီးနှံမျိုးကောင်းမျိုး	▪ မြေသြဇာအသင့်အတင့်ကောင်းသော စိုက်ပျိုးမြေများရှိခြင်း၊ ▪ မိုးစပါးအတွက်	▪ စိုက်ပျိုးရေ ပုံမှန်မရရှိနိုင်ခြင်း၊ ▪ အလုပ်သမားများ နေရပ်စွန့်ခွါမှု	▪ ဆည်မြောင်း၊ ကျေးလက်ဦးစီးဌာနတို့နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊	▪ မြစ်ရေတင်စီမံကိန်း၊ ▪ စံပြတောင်သူများဖြင့် သီးနှံမျိုးကောင်းမျိုးသန့် ထုတ်လုပ်ဖြန့်ဖြူးခြင်း၊

ပြဿနာ/အခက်အခဲ	ဖြစ်ရသည့်အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတား များ	ဖြေရှင်းနိုင်သည့် နည်းလမ်းများ	လုပ်ငန်း/စီမံချက်
	သန့်ရရှိနိုင်မှု အားနည်းခြင်း၊ ▪ စိုက်ပျိုးရေးနည်းပညာနှင့် ဝန်ဆောင်ပေးမှုအားနည်းခြင်း ▪ စိုက်ပျိုးရေးအရင်းအ နှီးချေးငွေမလုံလောက် ခြင်း၊ ▪ လယ်ယာလုပ်သားများလုပ်အားခဝင်ငွေ ရာသီအလိုက်သာ ရရှိနိုင်ခြင်း၊	စိုက်ပျိုးရေရရှိခြင်း၊ ▪ မြစ်ရေ ရေချိုရနိုင်ခြင်း၊ ▪ စိုက်ပျိုးရေးသွင်းအားစုများကို ဝယ်ယူရ လွယ်ကူခြင်း၊	များခြင်း၊ ▪ လယ်ယာသုံးစက်ကရိယာများကို ငွေကြေးမတတ်နိုင်၍အလွယ်တကူ မသုံးစွဲနိုင်ခြင်း၊ ▪ ရာသီဥတု မမှန်ခြင်း၊ ▪ သီးနှံစျေးကွက် မတည်ငြိမ်ခြင်း၊	▪ စက်မှုလယ်ယာ ဦးစီး ဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း၊ ▪ စိုက်ပျိုးရေးဦးစီးဌာ နမှ ဦးဆောင်၍ မျိုးကောင်း မျိုး သန့်ထုတ်လုပ်ရန် စီစဉ်ခြင်း၊	▪ လယ်ယာသုံးစက်ကရိ ယာ များ အလွယ်တကူ သုံးစွဲနိုင်ရန်စီစဉ်ပေးခြင်း ▪ စိုက်ပျိုးရေးနည်းပညာ သင်တန်းများနှင့် ဝန်ဆောင်မှုတိုး မြှင့် ဆောင်ရွက်ခြင်း၊ ▪ စိုက်ပျိုးရေးချေးငွေများ ကို အတိုးနှုန်းသက်သာစွာ ရရှိချေးယူနိုင်ရေး၊ ▪ စံပြစိုက်ပျိုးရေးသမား မွေးထုတ်ပေးခြင်း၊ ▪ လေ့လာရေးခရီးများ စီစဉ်ပေးခြင်း၊
၃။ မွေးမြူရေး					
▪ မွေးမြူရေးလုပ်ငန်းများမှ အကျိုးအမြတ် ရရှိမှု လျော့နည်းခြင်း	▪ စားကျက်မြေ မလုံလောက်ခြင်း၊ ▪ ကူးစက်ရောဂါကျ ရောက်တတ်ခြင်း၊ ▪ ခေတ်မီမွေးမြူရေး	▪ စျေးကွက်တွင် ဝယ်လိုအားရှိခြင်း၊ ▪ သမားရိုးကျ မွေးမြူ သည့်အတွေ့အကြုံ များ ရှိပြီး ဖြစ်ခြင်း၊	▪ မွေးမြူကုသရေး ဆိုင်ရာ ဝန်ဆောင် ပေးနိုင်မှုအားနည်း ခြင်း၊ ▪ သားသတ်လိုင်စင်	▪ မွေးကုဦးစီးဌာန၊ မွေးမြူရေးဆေးဝါး ပစ္စည်း ကုမ္ပဏီတို့နှင့် ချိတ်ဆက်ဆောင် ရွက်ခြင်း၊	▪ မွေးမြူရေး နည်းပညာ သင်တန်းများ ပို့ချပေးခြင်း၊ ▪ မွေးကုဆိုင်ရာ နည်းပညာဝန်ဆောင်မှု

ပြဿနာ/အခက်အခဲ	ဖြစ်ရသည့်အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတား များ	ဖြေရှင်းနိုင်သည့် နည်းလမ်းများ	လုပ်ငန်း/စီမံချက်
	နည်းပညာ ရရှိမှု အားနည်းခြင်း၊	▪ စိုက်ပျိုးရေးဘေး ထွက်ပစ္စည်းများနှင့် ရေထွက်ပစ္စည်းများ ပေါများခြင်း	စနစ်ကို အသုံးချ ချယ်လှယ်မှုရှိခြင်း၊ ▪ မွေးမြူရေးလုပ်ငန်းမှ အကျိုး အမြတ် ရယူလိုမှု အားနည်းခြင်း၊		တိုးမြှင့်ဆောင်ရွက်ခြင်း၊ ▪ စံပြမွေးမြူရေးသမား မွေးထုတ်ပေးခြင်း၊ ▪ လေ့လာရေးခရီးများ စီစဉ်ပေးခြင်း၊ ▪ မွေးမြူရေးတန်ဖိုးမြှင့် ထုတ်လုပ်မှု နည်းပညာ ▪ မွေးမြူရေးချေးငွေများ ကို အတိုးနှုန်းသက်သာစွာ ရရှိချေးယူနိုင်ရေး
▪ ငါးဖမ်းလုပ်ငန်းမှ အကျိုး အမြတ် ရရှိမှု လျော့နည်းခြင်း	▪ ငါးပုဇွန် ဖမ်းဆီး စားသုံးမှု မြင့်မားလာခြင်း၊	▪ မြစ်ချောင်းပေါများခြင်း၊ ▪ ဈေးကွက်ခိုင်မာခြင်း	▪ ရေနေသတ္တဝါများ ပွါးစီးနိုင်သည့် ပတ်ဝန်းကျင် ယိုယွင်းလာခြင်း၊	▪ ငါးလုပ်ငန်းဦးစီးဌာန၊ ချေးငွေရရှိနိုင်ရာ ဌာနတို့နှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း၊	▪ ရေရှည်တည်တံ့သည့် ငါးဖမ်းစနစ်ဆိုင်ရာ သင်တန်းပေးခြင်း၊ ▪ ရေလုပ်ငန်းဆိုင်ရာ ချေးငွေများကို အတိုးနှုန်းသက်သာစွာ ရရှိချေးယူနိုင်ရေး ▪ ရေထွက်ကုန်တန်ဖိုးမြှင့် ထုတ်လုပ်မှု သင်တန်း

ပြဿနာ/အခက်အခဲ	ဖြစ်ရသည့်အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတား များ	ဖြေရှင်းနိုင်သည့် နည်းလမ်းများ	လုပ်ငန်း/စီမံချက်
၄။ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းများ					
▪ ဝင်ငွေဖန်တီးနိုင်မှု အားနည်းခြင်း၊	▪ အလုပ်အကိုင် အခွင့်အလမ်း နည်းပါးခြင်း၊ ▪ လူမှုမီဒီယာ၊ အင်တာနက်ဂိမ်းများဖြင့် အချိန်ကုန်ဆုံးမှု များခြင်း၊	▪ အသက်မွေးဝမ်းကျောင်းနည်းပညာ အချို့အား သင်ယူရန် လက်လှမ်းမှီခြင်း၊ ▪ အလုပ်လုပ်နိုင်သည့် လူငယ်လူရွယ်များ ရှိခြင်း၊	▪ နည်းပညာရယူရန်နှင့် လုပ်ငန်းထူထောင်ရန် ငွေကြေးအရင်းအနှီးမလုံလောက်ခြင်း၊ ▪ အတန်းပညာ တတ်မြောက်ထားရှိမှု အားနည်းခြင်း၊ ▪ ဈေးကွက်အသိ အမြင်အားနည်းခြင်း၊	▪ အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ် ငန်းများ ရရှိရန် ဌာနဆိုင်ရာနှင့် ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ခြင်း၊	▪ သက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများ ပို့ချပေးခြင်း၊ ▪ လုပ်ငန်းထူထောင်နိုင်ရန် အရင်းအနှီး ရရှိအောင် ဆောင်ရွက်ခြင်း၊ ▪ ဈေးကွက်သဘောတရားသင်တန်းပုံပိုးခြင်း၊
၅။ ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု လုပ်ငန်း					
▪ ချေးငွေ များလွယ်ကူသက်သာစွာမရရှိခြင်း၊	▪ ပုဂ္ဂလိကငွေထုတ် ချေးရာတွင် အတိုးနှုန်း မြင့်မားခြင်း၊	▪ ငွေချေးယူလိုသူ များပြားခြင်း၊	▪ ချေးငွေရယူရေး လုပ်ထုံးလုပ်နည်းနှင့် နားလည်သိကျွမ်းမှု အားနည်းခြင်း၊	▪ ပြင်ပငွေကြေးအဖွဲ့ အစည်းများ၊ဘဏ် များ နှင့် ကျေးရွာ ရှိလုပ်ငန်း အခြေပြု အစုအဖွဲ့များချိတ်	▪ အတိုးနှုန်းသက်သာသော ချေးငွေများရရှိရန်ဆောင်ရွက်ခြင်း၊ ▪ ကျေးရွာတွင် လှည့်ပတ်ရန်ပုံငွေစနစ်

ပြဿနာ/အခက်အခဲ	ဖြစ်ရသည့်အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတား များ	ဖြေရှင်းနိုင်သည့် နည်းလမ်းများ	လုပ်ငန်း/စီမံချက်
				ဆက်နိုင်ရေး စီစဉ် ဆက်သွယ် တင်ပြခြင်း၊	ထူထောင်ခြင်း၊
၆။ ပညာရေး					
▪ ကျောင်းပတ်ဝန်းကျင် ကောင်း အင်္ဂါရပ် မပြည့်စုံခြင်း၊	▪ ကျောင်းသားဦးရေ တိုးပွါးလာခြင်း၊ ▪ ကျောင်းပရိဘောဂ မလုံလောက်ခြင်း၊ ▪ ဆရာ၊ဆရာမများ အခြေစိုက်နေထိုင်ရန် အဆောက်အဦမရှိခြင်း၊	▪ ပညာရေးကို စိတ်ဝင်စားသည့် အိမ်ထောင်စု များပြားခြင်း၊ ▪ ကျောင်းထွက်နှုန်း နည်းပါးခြင်း၊ ▪ ကျောင်းသားများ စည်းကမ်းလိုက်နာမှု ကောင်းခြင်း၊ ▪	▪ ငွေကြေးရန်ပုံ ငွေ မတတ်နိုင် ခြင်း၊ ▪ မြေနေရာမလုံ လောက်ခြင်း၊	▪ ကျေးရွာပညာရေး ဆပ်ကော်မီတီဖွဲ့ စည်းပြီး ပညာ ရေး၊ ကျေးလက် ဌာနတို့နှင့် ချိတ် ဆက် ဆောင်ရွက် ခြင်း၊	▪ ကျောင်း ပရိဘောဂများ ဖြည့်တင်းခြင်း၊ ▪ ကျောင်းခြံစည်းရိုး ကာရံခြင်း၊ ▪ ဆရာ၊ ဆရာမများ နေထိုင်ရန် အဆောက်အဦ ဆောက်လုပ်ခြင်း၊
၇။ ကျန်းမာရေး					
▪ ကျေးရွာကျန်းမာရေးလိုအပ်ချက် မပြည့်စုံခြင်း၊	▪ ကျေးလက်ဆေးပေး ခန်းမရှိခြင်း၊ ▪ ယင်လုံအိမ်သာမလုံ လောက်ခြင်း၊ ▪ ရေဝပ်နေရာများ ကြောင့် ပတ်ဝန်း	▪ ကျေးရွာသားများ လိုလားမှု မြင့်မားခြင်း၊	▪ ဆေးခန်းဆောက် လုပ်ရန် ခွင့်ပြု ချက် မရသေး ခြင်း၊ ▪ ရေဝပ်နေရာများ ရှိခြင်း၊	▪ ကျေးရွာဆပ်ကော် မီတီဖွဲ့ စည်းပြီး ကျန်းမာရေး၊ ကျေးလက် ဌာနတို့နှင့် ချိတ်ဆက်	▪ ယင်လုံအိမ်သာတိုးတက် သုံးစွဲရေး ▪ ကျန်းမာရေးဌာနမှ ဝန်ဆောင်မှု တိုးမြှင့်ဆောင်ရွက်

ပြဿနာ/အခက်အခဲ	ဖြစ်ရသည့်အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတား များ	ဖြေရှင်းနိုင်သည့် နည်းလမ်းများ	လုပ်ငန်း/စီမံချက်
	ကျင် သန့်ရှင်းရေး အားနည်းခြင်း၊		▪ ကျန်းမာရေးအ သိအမြင်ရရှိမှု အားနည်းခြင်း၊	ဆောင်ရွက်ခြင်း	ပေးခြင်း၊ ▪ ရေနူတ်မြောင်းများ တူးဖော်ခြင်း
၈။ လူငယ်နှင့် ယဉ်ကျေးမှု					
▪ လူငယ်များ အချိန်ကို ထိ ရောက်စွာ အသုံး မချနိုင်ခြင်း၊	▪ အလုပ်အကိုင် ရှားပါးခြင်း၊ ▪ လေ့လာသင်ယူ နိုင်သည့် အရင်း အမြစ်နည်းပါးခြင်းနှ င့် လေ့လာလိုစိတ် အားနည်းခြင်း၊	▪ လူမှုရေး၊ သာရေး နာရေးစသော ကျေးရွာဖွံ့ဖြိုးရေးလု ပ်ငန်းများတွင် တက်ကြွ စွာ ပါဝင် ကြခြင်း။	▪ အတန်းပညာ တတ်မြောက်မှု အားနည်းခြင်း၊	▪ လူငယ်များ အသိပညာ ဗဟု သုတ များပြား လာစေရန် လူငယ် ဖွံ့ဖြိုးရေး အစီ အစဉ်များအတွက် ပြန်ဆက်ဦးစီးဌာန၊ စာပေပညာရှင်များ နှင့် ချိတ်ဆက် လုပ်ဆောင်ခြင်း၊	▪ လူငယ်အားကစား၊ စာပေပြိုင်ပွဲ များ ကျင်းပခြင်း၊ ▪ လူငယ်ဖွံ့ဖြိုးရေးဆိုင်ရာ ဟောပြောပွဲများ ကျင်းပခြင်း၊
၈။ အခြေခံအဆောက်အဦ					
▪ ရွာအဝင်လမ်း မကောင်းခြင်း၊ ▪ ရွာချင်းဆက်	▪ မြေသားလမ်း ဖြစ်နေခြင်း၊ ▪ မြစ်ကမ်းနံဘေး	▪ ကျေးရွာမှလုပ်သား အင်အားထည့်ဝင် နိုင်ခြင်း၊	▪ ငွေကြေး ချို့တဲ့ ခြင်း၊ ▪ ဘတ်ဂျတ်ပံ့ပိုးမှု	▪ ကျေးရွာဆပ်ကော် မီတီဖွဲ့ စည်းပြီး ကျေး/လက် ဌာန	▪ ရွာအဝင်လမ်းကွန်ကရစ် ခင်းခြင်း၊ ▪ ရွာချင်းဆက်လမ်း

ပြဿနာ/အခက်အခဲ	ဖြစ်ရသည့်အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတား များ	ဖြေရှင်းနိုင်သည့် နည်းလမ်းများ	လုပ်ငန်း/စီမံချက်
လမ်းမကောင်းခြင်း ▪ ဆိပ်ခံတံတားမရှိခြင်း၊	ရှာတည်ရှိခြင်း၊	▪ သဲကျောက်ရရှိရန် လွယ်ကူခြင်း၊	နည်းပါးခြင်း၊	နှင့် ချိတ်ဆက်ဆောင် ရွက်ခြင်း	ခင်းခြင်း၊ ▪ ဆိပ်ခံတံတားဆောက်လုပ်ခြင်း၊
▪ အိမ်ထောင်စုထက်ဝက်ခန့် လျှပ်စစ်မီးမသုံးစွဲနိုင်ခြင်း	▪ ဆင်းရဲနွမ်းပါးခြင်း၊	▪ မဟာဓါတ်အားလိုင်းနှင့် ချိတ်ဆက်ထားပြီး ဖြစ်ခြင်း၊	▪ ငွေကြေးမဖူလုံခြင်း၊	▪ ကျေးရွာဆပ်ကော်မီတီဖွဲ့စည်းပြီး အရစ်ကျဆပ်နိုင်သည့် ချေးငွေရရှိနိုင်သည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ကာ ချေးငွေရရှိအောင် ဆောင်ရွက်ခြင်း၊	▪ အရစ်ကျ ဆပ်နိုင်သည့် ချေးငွေဖြင့် ဆင်းရဲသောအိမ်ထောင်စုများမီးလင်းရေး လုပ်ငန်း၊

သေကန်ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဧယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဧယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		**ကျား**	**မ**	**စုစုပေါင်း**
၁ နှစ် အောက်	နို့စို့အရွယ်	၁၈	၁၂	၃၀
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၃၀	၄၀	၇၀
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၄၀	၅၀	၉၀
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၃၀	၂၀	၅၀
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၅၀	၄၀	၉၀
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၂၀	၃၀	၅၀
စုစုပေါင်း		၁၈၈	၁၉၂	၃၈၀
စုစုပေါင်း အိမ်ထောင်စု				၇၅

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက်

အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျွန်ုပ်တို့ကျေးရွာတွင် နို့စို့အရွယ်နှင့် သက်ကြီးရွယ်အို အနည်းငယ်နည်းပါး၍ ကျောင်းတက်အရွယ်နှင့် အလုပ်လုပ်နိုင်သည့်အရွယ်များပြားကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဧယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	**လုပ်ငန်းများ**	**အဓိက အလုပ်အကိုင်**		**အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)**	**ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)**
		အိမ်ထောင်စု	**မိသားစုဝင် လုပ်အား**		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၀၃	၂၀၆	၁၄၇	မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၂	၄	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)				
၃	ကိုယ်ပိုင် လုပ်ငန်း	၃၁	၄၄	၀	မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၅	မြင့် ☐ လတ် ☐ နိမ့် ☑
	သစ်တောလုပ်ငန်း				
၄	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း				
၅	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၃	မြင့် ☐ လတ် ☐ နိမ့် ☑
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၆	**ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂	၂	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၅	၆	၀	မြင့် ☐ လတ် ☑ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁၅	၂၉	၀	မြင့် ☐ လတ် ☑ နိမ့် ☐
၂၀	**အိမ်များတွင် အဌားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၇၅	၁၅၀	၀	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာ၌ အလုပ်လုပ်နိုင်သည့်အရွယ်များသော်လည်း အလုပ်အကိုင်အခွင့်အလမ်းနည်းပါးပြီး ကိုယ်ပိုင်အလုပ်လုပ်သူ အလွန်နည်းပါးပါသည်။ အလုပ်သမား၊ ကျပန်းလုပ်ကိုင်သူများပြားနေပြီး တခြားအစိုးရဌာနနှင့် ပုဂ္ဂလိကဌာနများတွင်လုပ်ကိုင်သူ ဦးရေ အလွန်နည်းပါးသည်ကို လေ့လာတွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၈၀၀၀	၇၀၀၀	၆၀၀၀	၅၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၈၀၀၀	၇၀၀၀	၆၀၀၀	၅၀၀၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	၀	၀	၀	၀
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	၀	၀	၀	၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၀	၀	၀	၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၈၀၀၀	၆၀၀၀	၆၀၀၀	၅၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား	၀	၀	၀	၀
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၀	၀	၀	၀

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	၀	၀	၀	၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	၀	၀	၀	၀

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**လစာ** ÷ ၂၂.၇၅)

(၂) **နာရီတွက်ဖြင့်ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ** × ၈)

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် -ကျွနုပ်တို့ရွာသည်လယ်ယာစိုက်ပျိုးရေးနှင့် ကျပန်းလုပ်ငန်းကိုအဓိကထား လုပ်ကိုင်နေရပြီး မဖွံ့ဖြိုးသေးသော ကျေးရွာတစ်ရွာဖြစ်ပါသည်။ ကျေးရွာတွင်အလုပ်အကိုင်ရှားပါးသောကြောင့် ရွှေ့ပြောင်းလုပ်ကိုင်သူများပြား၍ နေ့စားလုပ်ကိုင်နေသူများမှာလည်း ရှားပါးကြောင်းတွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်)
လယ်မြေ	၃၀၀	ကောင်း ☐ သင့် ☑ ညံ့ ☐

မြေအမျိုးအစား	**ရေယာ (ဧက)**	**မြေဆီလွှာ အရည်အသွေး** **(မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်)**
ယာမြေ / တောင်ယာမြေ		ကောင်း ☐ သင့် ☐ ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐ သင့် ☑ ညံ့ ☐
ကိုင်း / ကျွန်းမြေ		ကောင်း ☐ သင့် ☐ ညံ့ ☐
ဓနိတောမြေ		ကောင်း ☐ သင့် ☐ ညံ့ ☐
စားကျက်မြေ		ကောင်း ☐ သင့် ☐ ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐ သင့် ☐ ညံ့ ☐
စုစုပေါင်း		☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျွန်ုပ်တို့ရွာသူရွာသားများ၏ ပိုင်ဆိုင်သောလယ်မြေများမှာ အသင့်အတင့်ကောင်းမွန်ပါသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်)**	**အသုံးချနိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်)**
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ☐	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	လွယ် ☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ☐ နည်း ☐ မရှိ ☐	လွယ် ☐ ခ က် ☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ☐ မရှိ ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင်ဆေးဘက်ဝင်အပင်များအနည်းအကျဉ်းသာစိုက်ပျိုးထားရှိကြောင်း တွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	**သတ်မှတ်စံနှုန်း**

	အဆင်ပြေသော အိမ်ထောင်စု	**အလယ်အလတ်ရှိ သောအိမ်ထောင်စု**	**မပြေလည်သော အိမ်ထောင်စု**	**အလွန်မပြေလည် သောအိမ်ထောင်စု**
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၅	၂၅	၂၀	၂၅

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာသည် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသော မဖွံ့ဖြိုးသောကျေးရွာကလေးဖြစ်သဖြင့် အဆင်ပြေသောအိမ်ထောင်စုမှာ အနည်းငယ်သာရှိ၍ မပြေလည်သောအိမ်ထောင်စုများကြောင်း တွေ့ရှိရပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေ အတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် -

(င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	**ကျား**	**မ**	**ပေါင်း**
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု			
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု			
အခြားဒေသသို့ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ မရှိပါ။

(၈-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	**ထိခိုက်လွယ်မှု အမျိုးအစား(အခြေအနေ)**	**ထိခိုက်လွယ်မှု** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၆	မုန်တိုင်း	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၇	ငလျင်	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၈	မီးဘေး	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐

စဉ်	**ထိခိုက်လွယ်မှု အမျိုးအစား(အခြေအနေ)**	**ထိခိုက်လွယ်မှု** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်)
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။

အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင်ရေကြီးမှုနှစ်စဉ်ဖြစ်ပွားခြင်း၊မိုးခေါင်ခြင်းကြောင့် လယ်ယာစိုက်ပျိုးရေးများပျက်စီးခြင်းကိုလေ့လာတွေ့ရှိရပါသည်။

(၈-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်)
၁	လူငယ်	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ ကျေးပန်းများ	မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်)
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၂	ဒေသတွင်းပဋ္ဌိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၅	ဆေးစွဲသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၇	လှည့်လည်သွားလာ၍ စျေးရောင်းသူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑

မှတ်ချက်။ ။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျွန်ုပ်တို့ကျေးရွာကျေးရွာတွင် မြေယာမဲ့၊ ဆင်းရဲသားတောင်သူနှင့် ကျပန်းလုပ်ကိုင်စားသောက်နေရသူများပြားပါသည်။ အလုပ်လုပ်နိုင်သူ လူငယ်များသော်လည်း ပြည်ပထွက်ခွာ၍ လုပ်ကိုင်နေကြသောကြောင်းဖြစ်သည်။ သဘာဝဘေးအန္တရာယ်များ ကျရောက်သောအခါ ထိခိုက်မှုခံရနိုင်သော အိမ်ငယ်အများအပြားရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	**အဖွဲ့အစည်း အမည်**	**အမျိုးအစား** (မှန်ရာ<u>တစ်ခုကို သာ</u> ရွေးရန်)	**အဖွဲ့ဝင်ဦးရေ**			**လုပ်ငန်းတာဝန်** (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။)	**စွမ်းဆောင်နိုင်မှု** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်)
			ကျား	**မ**	**ပေါင်း**		
၁	အုပ်ချုပ်ရေးအဖွဲ့	၁ ☐ ၂ ☑ ၃ ☐	၆	၃	၉	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၂	ဘုရားတကာအဖွဲ့	၁ ☑ ၂ ☐ ၃ ☐	၂	၀	၂	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ ☑	ကောင်း ☐ သင့် ☑ ညံ့ ☐

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာ<u>တစ်ခု</u>ကို <u>သာ</u> ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာ<u>တစ်ခု</u>ကို<u>သာ</u> ရွေးရန်)
			ကျား	မ	ပေါင်း		
						လုံခြုံရေးနှင့် ကာကွယ်ရေး ☐	
၃	မီးလင်းရေး ကော်မတီ	၁ ☐ ၂ ☑ ၃ ☐	၉	၀	၉	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၄	ကျောင်းကော်မတီ	၁ ☐ ၂ ☑ ၃ ☐	၁၁	၀	၁၁	ပညာရေး ☑ ငွေကြေး ☑ ကျန်းမာရေး ☑ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၅	ရေကော်မတီ	၁ ☐ ၂ ☑	၅	၄	၉	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☐	ကောင်း ☐ သင့် ☑

စဉ်	**အဖွဲ့အစည်းအမည်**	**အမျိုးအစား** (မှန်ရာ<u>တစ်ခုကို</u>သာ ရွေးရန်)	**အဖွဲ့ဝင်ဦးရေ**			**လုပ်ငန်းတာဝန်** (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။)	**စွမ်းဆောင်နိုင်မှု** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်)
			ကျား	**မ**	**ပေါင်း**		
		၃ ☐				စိုက်ပျိုးမွေးမြူရေး ☐ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ညံ့ ☐
၆	လယ်သမားအဖွဲ့	၁ ☐ ၂ ☐ ၃ ☑	၇	၀	၇	ပညာရေး ☑ ငွေကြေး ☑ ကျန်းမာရေး ☑ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☑ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ - ကျေးရွာတွင် အဖွဲ့အစည်းများက တာဝန်အသီးသီးကိုလုပ်ဆောင်နေကြပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	Plan အဖွဲ့	၁ ☐ ၂ ☑ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☑ ငွေကြေး ☑ ကျန်းမာရေး ☑ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့(ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊

နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် Plan အဖွဲ့အစည်းမှာ ချေးငွေလုပ်ငန်းများလုပ်ကိုင်လျက်ရှိပြီးစီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်အထောက်အပံ့များရှိကြောင်းတွေ့ရှိရပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၂၀	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၃၀	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၂၅	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား		တောင်သူလတ်
၅	၁၂.၅ ဧက အထက်		တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၇၅	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာတွင် ရွာသူ/ရွာသားများ၏ မြေယာပိုင်ဆိုင်မှုမှာ အလွန်နည်းပါးပြီး ဆင်းရဲသားတောင်သူနှင့် တောင်သူငယ် အနည်းငယ်ရှိပြီး မြေယာမဲ့များ များပြားကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂) **အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ**

ဧယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	**အရင်းအမြစ်**	**ရေသောက်(ဧက)**	**ရေရရှိနိုင်မှု**	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်)	**လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၃	မြစ်ရေတင် စီမံကိန်း		တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☑ မဖြေဆိုပါ ☐	ရှိ ☑ မရှိ ☐ မဖြေဆိုပါ☐
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၆	လက်ငင်		တစ်နှစ်ပတ်လုံး ☐	ရှိ ☐

စဉ်	အရင်းအမြစ်	ရေသောက်(၉က)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်)	**လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်)
	ရေတွင်း		ရာသီအလိုက် ☐ မဖြေဆိုပါ ☑	မရှိ ☐ မဖြေဆိုပါ☑
၂	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျွန်ုပ်တို့ကျေးရွာ၏အဓိကစိုက်ပျိုးရေမှာ မိုးရေသာဖြစ်ပါသည်။ မိုးရာသီတွင်သာ စပါးစိုက်ပျိုးကြပြီး ဆောင်းရာသီတွင်မိမိအစီအစဉ်ဖြင့် မြစ်ရေတင်၍ ဆောင်းသီနှံများအနည်းငယ်စိုက်ပျိုးကြကြောင်း လေ့လာတွေ့ရှိရပါသည်။

(၃) **အဓိကသီးနှံများနှင့် အထွက်နှုန်း**

ဧယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	**စုစုပေါင်းစိုက်ကေ**	**တစ်ကေ အထွက်နှုန်း**				**သီးနှံစိုက်ပျိုးသည့် ကာလ**		**သွင်းအားစုလိုအပ်ချက် (မှန်ရာ<u>တစ်ခု</u>ကို သာ ရွေးရန်)**	**အမြတ်ရရှိနိုင်မှု (မှန်ရာ<u>တစ်ခု</u>ကို သာ ရွေးရန်)**
		ယူနစ်	**အနည်းဆုံး**	**အများဆုံး**	**ပျမ်းမျှ**	**မှ**	**ထိ**		
စပါး	၂၀၀	တောင်း	၁၂၅	၁၄၀	၁၃၀	ဇူလိုင်	အောက်တိုဘာ	မြင့် ☐ လတ် ☑ နိမ့် ☐	မြင့် ☐ လတ် ☐ နိမ့် ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ စိုက်ပျိုးရေးတွင်စပါးကိုအဓိကထားစိုက်ပျိုးကြပါသည်။

(၄) **လယ်ယာသုံး စက်ကိရိယာများ**

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	**တစ်ဦးချင်း ပိုင်**	**ရွာပိုင်**	**အဖွဲ့ပိုင်**	**ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်**
ထွန်စက်				
လက်တွန်းထွန်စက်	၃			၁၉
အစေ့ချ ကိရိယာ				
ရိတ်သိမ်းခြွေလှေ့စက်				
ရိတ်သိမ်းစက်				
ခြွေလှေ့စက်				
ရေစုပ်စက်	၁၅			
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်	၂			၁၁

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင်လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်နိုင်ရန်ထွန်စက်ငှားရမ်းလုပ်ကိုင်ပြီး လက်တွန်းထွန်စက်ရေစုပ်စက်များလည်းရှိကြောင်းတွေ့ရှိရပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက်/ရှင်းလင်းချက်** **(<u>မှန်ရာတစ်ခုကိုသာ</u> ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)**
သဘာဝ ရေမြေရာသီဥတု အနေအထား	အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ☑ မဖြေဆိုပါ ☐
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ☑ မဖြေဆိုပါ ☐
စိုက်ပျိုးရေ အရင်းအမြစ်	ပေါများ ☐ အသင့်အတင့်ရှိ ☑ မဖြေဆိုပါ ☐
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည် ☐ ရသည် ☑ မဖြေဆိုပါ ☐
သီးနှံမျိုးစေ့ ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ☑ မဖြေဆိုပါ ☐
သဘာဝမြေဆွေး / အော်ဂဲနစ် မြေသြဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☐ ဝယ်ယူရနိုင်သည် ☑ မဖြေဆိုပါ ☐
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☐ ဝယ်ယူရနိုင်သည် ☑ မဖြေဆိုပါ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူ ရနိုင်သည် ☐ ရနိုင်သည် ☑ မဖြေဆိုပါ ☐
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူ ရနိုင်သည် ☐ ရနိုင်သည် ☑ မဖြေဆိုပါ ☐

အခွင့်အလမ်း	**ဖော်ပြချက်/ရှင်းလင်းချက်** **(<u>မှန်ရာတစ်ခုကိုသာ</u> ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)**
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ သီးနှံများကို ရောင်းချနိုင်သည် ☑ မဖြေဆိုပါ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - လေ့လာတွေ့ရှိချက်အရ ကျေးရွာတွင် လယ်ယာမြေအသုံးချနိုင်မှု အသင့်အတင့်ရှိ၍ တခြားသော အခွင့်အလမ်းများရရှိမှုမှာလည်း အသင့်အတင့်သာရှိပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့် အခက်အခဲများ	**ဖော်ပြချက်/ရှင်းလင်းချက်** **(<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)**
သဘာဝ ရေမြေရာသီဥတု အနေအထား	မြေဆီညြောမကောင်း ☐ ရာသီဥတုမမှန် ☑ မဖြေဆိုပါ ☐
လယ်ယာမြေ အသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ☑ လယ်ယာမြေဆုံးရှုံးမှုများသည် ☐ လယ်ယာမြေဆုံးရှုံးမှု

ပြဿနာနှင့် အခက်အခဲများ	**ဖော်ပြချက်/ရှင်းလင်းချက်** **(<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)**
	အသင့်အတင့်ရှိသည် ☐ ပလပ်မြေများရှိသည် ☐ ပလပ်မြေအသင့်အတင့်ရှိသည် ☐ မဖြေဆိုပါ ☐
စိုက်ပျိုးရေ အရင်းအမြစ်	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐
သီးနှံမျိုးစေ့ ရရှိနိုင်မှု	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ

ပြဿနာနှင့် အခက်အခဲများ	**ဖော်ပြချက်/ရှင်းလင်းချက်** **(<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)**
	☑ သီးနှံများကိုရောင်းချရန်ဈေးကွက်မရှိပါ ☐ မဖြေဆိုပါ ☐
ဖျက်ပိုးနှင့် ရောဂါကျရောက်မှု	ဆိုးရွားစွာကျ ☐ အသင့်အတင့်ကျ ☑ အနည်းငယ် ☐ မဖြေဆိုပါ ☐

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

